# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး

# (၁၆)ရက်မြောက်နေ့ အစီအစဉ်

# [ ၇-၉-၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **ကူညီထောက်ပံ့မှုများ လိုအပ်နေသော ငွေအရင်းအနှီးနည်းပါးသူ အမှန်တကယ်အလုပ်လုပ် နေကြသည့် SME လုပ်ငန်းရှင်များလက်ထဲသို့ ချေးငွေများချောမွေ့လွယ်ကူစွာ ရောက်ရှိ စေရေးအတွက် သတ်မှတ်ထားသော ကန့်သတ်ချက်များကို ဖြေလျှော့ပြီး မြေတောင်မြှောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၏ **ဒီဂျစ်တယ်နည်းပညာ အခြေခံစီးပွားရေး လုပ်ငန်းများကို မှတ်ပုံတင်နိုင်ရေးနှင့် အခွန်မှန်ကန်စွာ စည်းကြပ်နိုင်ရေး မည်သို့ဆောင်ရွက်မည်၊ မည်သည့်**

**အချိန် အပိုင်းအခြားဖြင့် အကောင်အထည်ဖော်မည်၊ မလိုက်နာသူများကို မည်သို့ အရေးယူဆောင်ရွက်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၊ ဘီးလင်း မဲဆန္ဒနယ်၏ **တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေသော အစိုးရဌာန၊ အဖွဲ့အစည်းနှင့် တာဝန်ခံတင်ဒါကော်မတီများ၏ ဖွဲ့စည်းပုံ၊ လုပ်ပိုင်ခွင့်နှင့် တာဝန်၊ တင်ဒါအောင် ကုမ္ပဏီများ၏ ဖွဲ့စည်းပုံ၊ အောင်မြင်သည့်အခြေအနေ၊ အမည်ပျက်စာရင်း သွင်းခံရသော ကုမ္ပဏီများ စာရင်းတို့ကို ဘဏ္ဍာရေးနှစ်အလိုက် ဖော်ပြပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်မြင့်မြင့်စိုး(ခ) ဒေါ်မေစိုး၊ ဗိုလ်တထောင် မဲဆန္ဒနယ်၏ **ဗိုလ်တထောင်မြို့နယ်၊ ၉ ရပ်ကွက်၊ ၄၇ လမ်း(အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)ကို ပြည်သူများ အဆင်ပြေချောမွေ့စွာ ပြန်လည် အသုံးပြုနိုင်ရေးအတွက် မဖြစ်မနေဆောင်ရွက်ပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၏ **ကိုရီးယား–မြန်မာချစ်ကြည်ရေး ရန်ကုန်–ဒလ တံတားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မည်သည့်အတွက်ကြောင့် နှောင့်နှေး ကြန့်ကြာနေရကြောင်းနှင့် မည်သည့်အချိန်တွင် ဆောက်လုပ်ရေးလုပ်ငန်းများစတင်မည်၊ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **မင်းဘူး(စကု)မြို့နယ်၊ လေးပင်ကျေးရွာအနီးရှိ လေးပင်ချောင်းတွင် ၂၀၁၈–၂၀၁၉ ဘတ်ဂျက်၌ တံတားတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **“မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၉။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက **“ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၁၀။ **“ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တင်သွင်းသည့် **“ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၂။ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံ မဲဆန္ဒနယ်က တင်သွင်းသည့် **“မတူ ကွဲပြားသော လုပ်ငန်း သဘာဝရှိကြသည့် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်း ကြီးများအား သဘာဝအားဖြင့် တူညီသောလုပ်ငန်းအလိုက် တူရာစုဖွဲ့ပြီး အုပ်စုတစ်ခုစီနှင့် ဆီလျော်သော ပြုပြင်ပြောင်းလဲရေးမူဝါဒများ ချမှတ်ပြီး အားလုံးကို လွှမ်းခြုံနိုင်သည့် နိုင်ငံပိုင်လုပ်ငန်း ပြုပြင်ပြောင်းလဲရေး**

**စီမံချက်နှင့် မဟာဗျူဟာတစ်ရပ်ချမှတ် အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၊

(ခ) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၊

(ဂ) ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်၊

(ဃ) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၊

(င) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၊

(စ) ဒုတိယဗိုလ်မှူးကြီးမျိုးဝင်းလှိုင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဆ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၊

(ဇ) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၊

(ဈ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၊

၁၃။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။